# မာတိကာ


- ဒဂုန်တာရာ၏အမှာ

■ အပိုင်း (၁)

၁။ နိုင်ငံရေးယဉ်ကျေးမှု ၁၁
၂။ နိုင်ငံရေးယဉ်ကျေးမှုနိဿယ (၁) ၁၄
၃။ နိုင်ငံရေးယဉ်ကျေးမှုနိဿယ (၂) ၁၈
၄။ ဆန့်ကျင်ဘက်တို့၏ ညီညွတ်ရေး ၂၂
၅။ အချစ်နှင့်အမုန်း ၂၅
၆။ အမုန်းနှင့်အချစ် ၃၁
၇။ မုန်းသူမရှိ ချစ်သူသာရှိ ရန်သူမရှိ မိတ်ဆွေသာရှိ အတွေးအခေါ် ၃၅
၈။ ရန်သူမှ မိတ်ဆွေသို့ ၄၁
၉။ ငြိမ်းချမ်းရေးဇာတ်ညွှန်း ၄၆
၁၀။ လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေး ၄၉
၁၁။ ငြိမ်းချမ်းရေးတန်ဖိုး ၅၂
၁၂။ မျိုးဆက်နှင့် သမိုင်းအတွေ့အကြုံ ၅၆

■ အပိုင်း (၂)

၁၃။ ခေတ်တစ်ခေတ်၏ ဆည်းဆာရောင် ၆၁
၁၄။ ကုလသမဂ္ဂ ဘယ်လဲ ၆၈
၁၅။ ငြိမ်းချမ်းရေးကောင်းကင်ပြာ ၇၅
၁၆။ ကုလသမဂ္ဂ၏ လမ်းဆုံလမ်းခွ ၈၃
၁၇။ ကိုရီးယားကျွန်းဆွယ်မှ ချစ်ရန်ပုံကားချပ် ၈၉
၁၈။ အကြမ်းဖက်မှုကို ဘယ်လိုတားဆီးမလဲ ၉၄
၁၉။ အနုမြူတစ္ဆေစစ် ငြိမ်းချမ်းရေးပြဿနာနှင့်လက်နက် ၁၀၂


# ဒဂုန်တာရာ၏အမှာ

(က)

နိုင်ငံရေးယဉ်ကျေးမှုဟူသော စကားလုံးကို စတင်သုံးစွဲခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော် ၄၀နီးပါးရှိပြီဟု ခန့်မှန်းကြည့်သည်။ ထိုအခါက ယဉ်ကျေးမှုနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပြုစုပျိုးထောင်ခြင်းဟု အဓိပ္ပာယ်ယူလိုက်သည်။ ဆိုပါတော့၊ မြေကြီးအကြောင်းကိုလေ့လာသောစာကို မြေကြီး၏ ယဉ်ကျေးမှုဟုသုံးသည်ကို အင်္ဂလိပ်အဘိဓာန်မှာ ဖတ်လိုက်ရသည်။ ယင်းသဘောဖြင့် ကျွန်တော်သည် ယင်းအဓိပ္ပာယ်ကို ယူသည်။ နိုင်ငံရေးယဉ်ကျေးမှုဆိုရာ၌လည်း နိုင်ငံရေးရာနှင့်ပတ်သက်၍ ပြုစုပျိုးထောင်ခြင်းဟူသောအနက်ဖြင့် တွဲသုံးခြင်းသာလျှင်ဖြစ်သည်ဟု သတိပြုရန်လိုပေလိမ့်မည်။

(ခ)

နိုင်ငံရေးယဉ်ကျေးမှုဟု သုံးလိုက်သောအခါ မည်သည့်အဓိပ္ပာယ်ဖြင့်ရေးမည်ကို မှန်းဆ၍ ရနိုင်သည်။ ကျွန်တော်သည် ငယ်စဉ်ကပင်လျှင် ငြိမ်းချမ်းရေးကို ယေဘုယျအားဖြင့် သဘောအားဖြင့် လက်ခံသည်။ ယင်းငြိမ်းချမ်းရေးစိတ်ဓာတ်ဖြင့်ပင်လျှင် ကျွန်တော်သည် လူထုအဖွဲ့အစည်းများတွင် ဝင်၍ဆောင်ရွက်ခဲ့သည်။ ငြိမ်းချမ်းရေးလှုပ်ရှားမှု မိတ်ဆွေဖြစ်အသင်းများဆိုပါတော့၊ တရုတ်မြန်မာ မိတ်ဆွေဖြစ်အသင်း၊ ဆိုဗီယက်မြန်မာ မိတ်ဆွေဖြစ်အသင်း၊ ကိုရီးယားမြန်မာ မိတ်ဆွေဖြစ်အသင်း စသော အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ယုံယုံကြည်ကြည်ဖြင့် ပါဝင်



ဆောင်ရွက်ခြင်းဖြစ်သည်။ ယဉ်ကျေးမှုဟူသောစကားလုံးကို ငြိမ်းချမ်းရေးဟူသော အဓိပ္ပာယ်ဖြင့် သုံးနှုန်းခဲ့သည်။ ငြိမ်းချမ်းရေးမရှိဘဲ တိုင်းပြည်တစ်ပြည်၏ စည်ပင်ဝပြောမှု၊ သာယာမှုစသည်တို့ကို မရနိုင်ဟု ကျွန်တော်က သမိုင်းအတွေ့အကြုံများအရ ကြည့်ရသည်။ ထိုအခါ နိုင်ငံရေးနှင့် ယဉ်ကျေးမှုတွဲရင်းဖြင့် မိမိမျှော်မှန်းချက်ကို ယင်းနိုင်ငံရေးယဉ်ကျေးမှုထဲတွင် ထည့်သွင်းဖော်ပြထားသည်။ ယင်းသည်ကား အခြားမဟုတ်၊ ငြိမ်းချမ်းရေးဟု ကျွန်တော်ပြောချင်သည်။

၁၉၄၈ တွင် ကျွန်တော်တို့၏ နိုင်ငံတော်သည် လွတ်လပ်ရေးကို ကြေညာလိုက်သည်။ ထိုအခါကစ၍ ကျွန်တော် ငြိမ်းချမ်းရေးကို တွေးခေါ်စပြုလာသည်ဟု ဆိုရမည်။ ကျွန်တော်တို့၏ နိုင်ငံတော်သည် သို့မဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပြည်တွင်းစစ်ဖြင့် စတင်သည်။ ထို့ကြောင့် ပြည်တွင်းစစ်ဖြစ်သော နှစ်ကာလမှစ၍ ငြိမ်းချမ်းရေးပျက်သွားရသည်ဟု ကျွန်တော်က မှတ်ယူထားသည်။ ငြိမ်းချမ်းရေးမရှိလျှင်ဘာမှလုပ်၍မရ၊ မိမိတို့နိုင်ငံတော်တည်ဆောက်မှုကိုလည်းလုပ်၍မရ၊ ပြည်သူအားလုံးတို့၏ စားဝတ်နေရေးပြဿနာကိုလည်း ဖြေရှင်း၍မရ၊ အစစအရာရာ ဖွံ့ဖြိုးမှုဟူသမျှသည် ငြိမ်းချမ်းရေးအခြေအနေပေါ်တွင် တည်သည်ဟု သမိုင်း အတွေ့အကြုံများအရထင်ထားသည်။ ထို့ကြောင့်ပင်လျှင် ယခုနိုင်ငံရေးယဉ်ကျေးမှုဟု ရေးလိုက်သောအခါ နိုင်ငံရေးယဉ်ကျေးမှုသည်လည်း နိုင်ငံတော်တခန်းလုံး၏ (သို့) တစ်ပြည်လုံး၏ ငြိမ်းချမ်းရေးကို ရည်ရွယ်ကြောင်း သိနိုင်သည်။ ယင်းယဉ်ကျေးမှုထဲတွင် အနုပညာဖွံ့ဖြိုးမှု၊ လူမှုရေးရာဖွံ့ဖြိုးမှု၊ စားဝတ်နေရေးပြေလည်မှု စသော အချက်အလက်များစွာပါဝင်သည်။ ထို့ကြောင့်ပင်လျှင် ကျွန်တော်က နိုင်ငံရေးယဉ်ကျေးမှုဟု သုံးနှုန်းလိုက်သောအခါ ငြိမ်းချမ်းရေး၏ အနှစ်သာရများသည်လည်း အလိုလိုပါဝင်နေပြီဖြစ်ကြောင်း နားလည်ရပေမည်။

နိုင်ငံရေးယဉ်ကျေးမှုသည် ငြိမ်းချမ်းရေး ငြိမ်းချမ်းရေးသည် နိုင်ငံရေးယဉ်ကျေးမှု။

(ဂ)

စာအုပ်တွင်ပါရှိသော ဆောင်းပါးများမှာ ကျွန်တော် သမိုင်းခေတ်များကို ဖြတ်သန်းရင်း ရေးသားခဲ့သော ဆောင်းပါးများဖြစ်ကြသည်။ ယင်းစာအုပ်ကို ထုတ်ဝေသူတို့က ထုတ်မည်ဆို၍ ခွင့်ပေး



လိုက်ရာ၊ ယခု နိုင်ငံရေးယဉ်ကျေးမှုစာအုပ်သည် ငြိမ်းချမ်းရေးအကြောင်း ဖော်ပြခြင်းဟု မှတ်ယူစေလိုသည်။ စာအုပ်တွင် ပါရှိသော မာတိကာတို့မှာ ငြိမ်းချမ်းရေးသက်သက်မဟုတ်တော့ဘဲ ငြိမ်းချမ်းရေးနှင့် ဆက်သွယ်သော ဘာသာရပ်များ ပါဝင်သည်။ ဆိုပါတော့ စာပေယဉ်ကျေးမှု၊ နိုင်ငံရေးယဉ်ကျေးမှု၊ လူမှုရေးယဉ်ကျေးမှု အားလုံးတို့ ပါဝင်သည်။ စာပေယဉ်ကျေးမှုဟု ဆိုလိုက်သောအခါ စာပေသာမဟုတ်၊ အနုပညာယဉ်ကျေးမှုအားလုံးတို့ ပါဝင်သည်။ လူမှုရေးယဉ်ကျေးမှုဟု တနည်းအားဖြင့် ခေါ်နိုင်သည်ဟု သတိပြုရန် လိုပေလိမ့်မည်။ စားဝတ်နေရေးပြေလည်ရေးသည်လည်း လူမှုရေး ယဉ်ကျေးမှုဟု ခေါ်နိုင်သည်။ ယင်းသို့လျှင် ယခုဖော်ပြပါ နိုင်ငံရေး ယဉ်ကျေးမှုရေးရာ ဆောင်းပါးများကို ဖတ်ရှုသောအခါ ငြိမ်းချမ်းရေး၏ တန်ဖိုးကိုတွေ့ရှိရပေလိမ့်မည်။ ငြိမ်းချမ်းရေး၏တန်ဖိုးမှာ ကျွန်တော်တို့ မျှော်လင့်နေသော ပြည်ထောင်စု သမ္မတနိုင်ငံတော်သစ်နှင့်လည်း ဆက်သွယ်နေသည်။

နိုင်ငံတော်သစ်တွင် လွတ်လပ်ရေးကို ကြေညာပြီးစကစတင်၍ မတည်မငြိမ်ဖြစ်ခြင်းကိုတွေ့ရပေလိမ့်မည်။ ယင်းသို့မတည်မငြိမ်ဖြစ်ခြင်းသည် ယဉ်ကျေးမှုကင်းမဲ့နေသောကြောင့်ဟု တွေ့ရသည်။ သို့ဖြစ်၍ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အလိုအပ်ဆုံးမှာ ငြိမ်းချမ်းရေးပင်ဖြစ်သည်ကို တွေ့ရှိရသဖြင့် သမိုင်းခေတ်အဆက်ဆက် အတွေ့အကြုံများကို ဖြတ်သန်းရင်း ရရှိသော အတွေးအခေါ်ဟု ကျွန်တော်က ယူဆသည်။ ထို့ကြောင့် နိုင်ငံရေးယဉ်ကျေးမှုသည် ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးသည် နိုင်ငံရေးယဉ်ကျေးမှု။

ဒဂုန်တာရာ
၄-၁၂-၀၉
ပန်းကြာဝတ်မှုန်